မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
January 28 , 2026 Volume 98, Number 19

၂၈. ၁ .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၅၂၀.၇၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၆၇.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၉၀၀.၄၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၁.၆၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၉၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၃၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၆.၄၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၈၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဈေးကွက်သုံးသပ်ချက် (၁၉-၁-၂၀၂၆ မှ ၂၅-၁-၂၀၂၆ အထိ)




### ပြည်ပတင်ပို့နေသည့် လယ်ယာပို့ကုန်အချို့ ဈေးမြင့်တက်

အိန္ဒိယ၏ ဂယ်လိုအားမျှော်လင့်ချက်နဲ့အတူ မြန်မာနိုင်ငံ၏ ပြည်ပဈေးကွက်ကို အဓိက တင်ပို့နေသော ပဲအချို့ ပြည်တွင်းဈေးမြင့်တက်လာသည်။ သို့သော်ပြည်တွင်း စားသုံးမှုများသည့်ပဲများဈေးငြိမ်လုနီးပါး အခြေအနေတွင် ရှိနေသည်။ နိုင်ငံခြားငွေတန်ဖိုး အနည်းငယ်လှုပ်လာခြင်းသည် ပြည်ပလယ်ယာပို့ကုန်များ၏ ဈေးမြင့်တက်ရေးကို တွန်းအားတစ်ခုဖြစ်စေသည်။

### ဈေးဆက်မာနေသည့် ပဲစင်းငုံနှင့်မတ်ပဲ

အိန္ဒိယနိုင်ငံတွင်း အဓိကစားသုံးသည့်ပဲစင်းငုံနှင့် မတ်ပဲက ဈေးဆက်တိုက်မြင့် တက်နေသည်။ရာသီဥတုကြောင့် အထွက်နှုန်းလျော့နည်းသည့် ပဲစင်းငုံက ဈေးပိုမာလာသည်။

အိန္ဒိယနိုင်ငံအတွင်း မြန်မာပဲစင်းငုံ CNFဈေးက ပဲစင်းငုံ အဟောင်းတစ်တန် အမေရိကန်ဒေါ်လာ ၈၂၀ ဖြင့် ဈေးဖွင့်ပြီး ပဲစင်းငုံအသစ်က ၈၃၀ မှ ၈၅၀အထိဈေးဖွင့်ထားသည်။ ပြီးခဲ့သည့် ရက်သတ္တပတ် အိန္ဒိယတွင် ပဲစင်းငုံအဟောင်းတစ်တန် ဒေါ်လာ ၈၀၀၊ ပဲစင်းငုံအသစ်က ဒေါ်လာ ၈၂၅ ဖြင့်ဈေးဖွင့်ခဲ့သည်။

အိန္ဒိယနိုင်ငံအတွင်း ပဲစင်းငုံဈေးမြင့်တက်လာမှုကြောင့် မြန်မာနိုင်ငံတွင်လည်း ပဲစင်းငုံ ဈေးဆက်တိုက် မြင့်တက်လာသည်။ ရန်ကုန်ဈေးကွက်တွင် ပဲစင်းငုံ(နီ) FOB(free on board)ဈေး တစ်တန် ဒေါ်လာ ၇၃၀/၇၄၀ မှ ၇၄၀/၇၅၀ သို့ ဈေးပြောင်းသွားသည်။

ပဲစင်းငုံ(နီ)မှာ ပြည်ပရောင်းချသည့်ဈေးအနည်းငယ်သာတက်သော်လည်း ပြည်တွင်းဈေးက ပဲစင်းငုံတစ်တန် ၄ ရာခိုင်နှုန်း ဝန်းကျင် ဈေးတက်လာသည်။

ရန်ကုန်ဈေးကွက်တွင် ပဲစင်းငုံ ၂၀၂၅ crop တစ်တန် ကျပ် ၂,၇၇၀,၀၀၀ မှ ၂,၉၁၀,၀၀၀ ဝန်းကျင်သို့ဈေးပြောင်းပြီး ပဲစင်းငုံ ၂၀၂၆ crop တစ်တန် ကျပ်၂,၈၇၂,၀၀၀ မှ ကျပ် ၃,၀၂၀,၀၀၀ သို့ ဈေးပြောင်းသွားသည်။

မန္တလေးဈေးကွက်တွင်လည်း ပဲစင်းငုံ (နီ)သစ်က တစ်တန် ကျပ် ၁၇၀,၀၀၀ကျော် ဈေးမြင့်တက်သည်။ ပဲစင်းငုံ(နီ)တစ်တန် ကျပ်၂,၇၈၆,၀၀၀ကျော်မှ ၂,၉၅၉,၀၀၀ ကျော်သို့ ဈေးမြင့်တက်လာသည်။

ပဲစင်းငုံကဲ့သို့ မတ်ပဲကလည်း အိန္ဒိယ ပြည်တွင်းဈေးကွက်တွင် ဈေးမြင့်တက်နေသည်။ အိန္ဒိယနိုင်ငံအတွင်း ဝယ်လိုအား ကောင်းနေခြင်းကြောင့် မြန်မာမတ်ပဲ CNF တစ်တန် ဒေါ်လာ ၃၀ ဝန်းကျင် ဈေးမြင့်တက်သည်။

အိန္ဒိယဈေးကွက်တွင် မတ်ပဲFAQ ၏CNFဈေးက တစ်တန် ဒေါ်လာ ၇၉၀မှ ၈၂၀သို့ဈေးပြောင်းပြီး မတ်ပဲSQ တစ်တန် ဒေါ်လာ ၈၇၀မှ ၉၀၀ သို့ ဈေးပြောင်းသွားသည်။ဘရာဇီးမတ်ပဲကတစ်တန် ၈၆၀ ဈေးဖွင့်သည်။

ရန်ကုန်ဈေးကွက်တွင်လည်း မတ်ပဲ ပြည်ပရောင်းဈေး FOB က အနည်းငယ်ဈေးမြင့်လာသည်။ မတ်ပဲFAQ တစ်တန် ဒေါ်လာ ၇၃၅-၇၄၅မှ ၇၄၀-၇၅၀သို့ဈေးပြောင်း ပြီး မတ်ပဲSQတစ်တန် ၈၁၅- ၈၂၅မှ ၈၂၀- ၈၃၀ သို့ဈေးပြောင်းသွားသည်။

သို့သော် မတ်ပဲပြည်တွင်းဈေးက ယခုရက်သတ္တပတ်တွင် မတ်ပဲတစ်တန် တန်ဖိုး ၃ ရာခိုင်နှုန်းဝန်းကျင် ဈေးမြင့်တက်သည်။

ပြည်တွင်းမတ်ပဲဈေးက မတ်ပဲFAQတစ်တန် ကျပ် ၂,၇၆၃,၀၀၀ မှ ၂,၈၆၀,၀၀၀ သို့ဈေးပြောင်းပြီး မတ်ပဲ SQ တစ်တန် ၃,၀၅၈,၀၀၀ မှ ၃,၁၆၀,၀၀၀ သို့ ဈေးပြောင်းသွားသည်။

**ပြည်ပဈေးငြိမ်ပြီး ပြည်တွင်းဈေးအနည်းငယ်လှုပ်သော နှမ်းနှင့်ပြောင်း**

ယခုရက်သတ္တပတ်တွင်ဆီထွက်သီးနှံတစ်မျိုးဖြစ်သောနှမ်းက ပြည်ပရောင်းချသည့် FOB ဈေးငြိမ်ပြီး ပြည်တွင်းဈေး အနည်းငယ်တက်လာသည်။

ရန်ကုန်ဈေးကွက် နှမ်းFOBဈေးက နှမ်းနက်(စမုန်)တစ်တန် အမေရိကန်ဒေါ်လာ ၂၆၂၅-၂၆၄၅၊ နှမ်းဖြူ တစ်တန် ဒေါ်လာ ၁၁၃၅-၁၁၄၅၊ နှမ်းညို (သစ်)တစ်တန် ၁၀၃၀-၁၀၄၀ဖြင့် ဈေးငြိမ်နေသည်။

သို့သော် မန္တလေးဈေးကွက်တွင် တရုတ်ဝယ်အားရှိသော နှမ်းနက်(စမုန်) က တစ်တန် ကျပ်သိန်း ၁၀၀ ကျော် မှ ၁၀၂သိန်း ကျော်သို့ဈေးပြောင်းသွားသည်။

သို့သော် အခြားသော နှမ်းအမျိုးအစားများက ဈေးအနည်းငယ်ကျဆင်းလာသည်။ နှမ်းဖြူ (ဂျပန်)တစ် တန် ကျပ် ၄,၆၂၀,၀၀၀ ကျော်မှ ၄,၅၅၀,၀၀၀ ကျော်သို့ဈေးပြောင်းပြီး နှမ်းညို(သစ်)တစ်တန် ကျပ် ၄,၄၂၀,၀၀၀ ကျော်မှ ၄,၃၅၀,၀၀၀ ကျော်သို့ဈေးပြောင်း လဲသည်။

အာဆီယံအခွန်ကင်းလွတ်ခွင့်ဖြင့် ထိုင်းနိုင်ငံသို့ပြောင်း တင်ပို့နိုင်မည့်ကာလနီးလာသော်လည်း ပြည်တွင်း ပြောင်းဈေးက သိသာစွာဈေးမြင့်တက်ခြင်းမရှိသေးပေ။

မြန်မာပြောင်းဝယ်ယူမှုနှင့်ပက်သက်၍ ထိုင်းအစိုးရ၏ မူဝါဒအချို့ပြင်ဆင်မှုများ ယခုနှစ်တွင်ရှိနေသည်။ ထို့ပြင် ထိုင်းနိုင်ငံမှ ပြောင်းဝယ်လိုအားမျှော်လင့်ချက်ကလည်း ယခင်နှစ်ထက် အားလျော့နေခြင်းကြောင့် ပြည်တွင်း၊ ပြည်ပပြောင်းဈေးတည်ငြိမ်လု နီးပါးအခြေအနေတွင်ရှိနေသည်။

ယခုရက်သတ္တပတ် ရန်ကုန်ဈေးကွက်တွင် ပြောင်း FOB ဈေးက တစ်တန် ဒေါ်လာ၂၃၅-၂၃၅ ဖြင့်ဈေးငြိမ်နေသည် ။ ပြည် တွင်းပြောင်းဈေးက တစ်ပိဿာ ကျပ် ၁,၄၃၀- ၁,၄၅၀ ဖြင့်ဈေးငြိမ်နေသည်။

သို့သော် မန္တလေးဈေးကွက်တွင် ရှမ်းပြောင်းနှင့် CP ပြောင်းသစ် တစ်တန် ကျပ် ၈၂၇,၀၀၀ ကျော် မှ ၈၃၃,၀၀၀ ကျော် အထိ တက်ပြီး ၈၁၆,၀၀၀ ကျော်သို့ ဈေးပြောင်းသွားသည်။



TIR

## ပြည်တွင်းစားသုံးသည့်ပဲများ ဈေးငြိမ်နေ

ပြည်တွင်းအဓိကစားသုံးပြီး ပြည်ပဈေးကွက်သို့ တင်ပို့မှုရှိနေသည့် ပဲကြီးက ပြည်ပဈေးသာမက ပြည်တွင်းဈေးလည်း တည်ငြိမ်နေသည်။

ရန်ကုန်ဈေးကွက်တွင် ပဲကြီးFOBဈေးက တစ်တန် ဒေါ်လာ ၁၂၀၄-၁၂၁၅ ဈေးဖွင့်သည်။ ပြည်တွင်း ပဲကြီးဈေးက ပဲကြီး (ရွှေကျွန်း)တစ်ပိဿာ ကျပ် ၁၀,၂၆၅-၁၀,၆၂၀ ဈေးဖွင့်သည်။

မန္တလေးဈေးကွက်တွင်လည်းပဲကြီးက အမျိုးအစား တစ်မျိုးသာဈေးဖွင့်သည်။ မန္တလေး ဈေးကွက် တွင်ပဲကြီး(သေး)က တစ်တန် ကျပ် ၄,၉၈၀,၀၀၀ ကျော်ဖြင့် ဈေးငြိမ်နေသည်။

ထို့ပြင်ပြည်တွင်းစားသုံးမှုများသည့် ကုလားပဲကယခုရက်သတ္တပတ်တွင် မန္တလေးဈေးကွက်၌ ဈေးအနည်း ငယ်အပြောင်း အလဲရှိသော်လည်း ရန်ကုန်ဈေးကွက်တွင် ပြည်ပရောင်းချသည့် FOBဈေးသာမက ပြည်တွင်းဈေးလည်းတည် ငြိမ်လာသည်။

ရန်ကုန်ဈေးကွက်တွင် ပြည်ပသို့ရောင်းချသည့်(FOB) ကုလားပဲဖြူလုံး ကြီး V2 တစ်တန် ဒေါ်လာ ၆၉၀-၇၀၀ဖြင့် ဈေးငြိမ်နေသည်။ထို့ပြင် ပြည်တွင်းဈေးကွက်တွင် ကုလားပဲဖြူလုံးတစ်ပိဿာ ကျပ် ၃၉၅၀၊ ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ကျပ် ၄၂၁၀/ ၄၃၈၅ ဈေးဖွင့်သည်။

ရန်ကုန်တွင်ကုလားပဲဈေးငြိမ်နေသော်လည်းမန္တလေးဈေးကွက်တွင်အမျိုးအစားအလိုက်ဈေးနှုန်းအပြောင်းအလဲရှိနေသည်။ ကုလားပဲထိုင်ဝမ် (သစ်) တစ်တန် ကျပ် ၂,၄၄၀,၀၀၀ကျော်မှ ၂,၄၇၀,၀၀၀ ကျော်၊ ကုလားပဲ(929)သစ် တစ်တန် ကျပ် ၂,၅၃၀,၀၀၀ ကျော်မှ ၂,၅၉၀,၀၀၀ ကျော်၊ ကုလားပဲဖြူ V2(သစ်)တစ်တန် ကျပ် ၂,၅၆၀,၀၀၀ကျော်မှ၂,၆၂၀,၀၀၀ ကျော်၊ ကုလားပဲဖြူ V7(သစ်) တစ်တန် ကျပ် ၂,၄၈၀,၀၀၀ ကျော်မှ ၂,၅၆၀,၀၀၀ ကျော်သို့ ဈေးမြင့်သွားသည်။

**Source : Myanma Awba**

## အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ၂၀ ခု ခွင့်ပြု



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ယခု ဇန်နဝါ ရီလအတွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ၂၀ ခုကို ခွင့်ပြုပေးခဲ့ကြောင်း ကော်မရှင်မှ သိရပါတယ်။

အဆိုပါ ကော်မရှင်အနေနဲ့ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေ အရင်းအနှီး တိုးမြှင့်ခြင်းများ အပါ အဝင် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၄ ခု၊ စက်မှု၊ ဟိုတယ်ခရီး၊ လျှပ်စစ်၊ အိမ်ရာ အဆောက်အအုံတည်ဆောက်ခြင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများမှ မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းအသစ် ၁၆ ခု တို့ကို ဇန်နဝါရီ ၂၆ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၆) ကြိမ်မြောက်အစည်းအဝေး၌ ခွင့်ပြုပေးခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

ခွင့်ပြုပေးခဲ့သည့် အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံငွေ ပမာဏမှာ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၉၁၁ သန်းနှင့် ငွေကျပ် ၂,၁၂၀,၄၃၆ ဒသမ ၆၅၂ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၈၂ ဦးကို ဖန်တီးပေးနိုင်မှာဖြစ်တယ်လို့ သိရ ပါတယ်။

အဆိုပါလုပ်ငန်းများတွင် ပြည်တွင်းအတွက် အဓိကလိုအပ်သည့် လျှပ်စစ်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ အိမ်ရာအဆောက်အအုံဆောက် လုပ်ခြင်းလုပ်ငန်းများ၊ ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်းများ၊စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်

မှုလုပ်ငန်းများအပြင်စားသောက်ကုန်လုပ်ငန်းများနှင့်အလုပ်အကိုင်အခွင့်အလမ်းများစွာဖန်တီးပေးနိုင်မည့် အထည်ချုပ် လုပ်ငန်းများလည်းပါဝင်ကြောင်း သိရပါ တယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလကုန်အထိ စာရင်းများအရ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်ထားသည့် နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ တို့ဖြစ်ကြောင်း၊ ၎င်းနိုင်ငံများသည် စီးပွားရေးကဏ္ဍ ၁၂ ခုအနက် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားကြောင်း သိရပါတယ်။

**Source : Myanmar Future News Agency**

## နေပြည်တော်တွင် သရက်သီးအကင်း(အနု)တစ်လုံး ၅၀၀ အထက်ဖြင့် အရောင်းအဝယ်ဖြစ်နေ




နေပြည်တော်ဈေးများတွင် ပေါ်ဦးပေါ်ဖျား သရက်သီးအကင်း(အနု)များ စတင်ဝင်ရောက်လျက်ရှိပြီး တစ်လုံးလျှင် ကျပ် ၅၀၀ ကနေ ၇၀၀ အထိပေး၍ ဝယ်စားနေရကြောင်း ဈေးဝယ်သူအိမ်ရှင်မများက ပြောပါတယ်။

"ပေါ်ကာစဆိုတော့ သရက်သီးကင်းလေးတွေကို ခရမ်းချဉ်သီးငပိချက်လေး ချက်ပြီး တို့မြုပ်စားချင်လို့ ဝယ်မိတယ်၊ တစ်လုံး ၅၀၀ ၊ ကြီးရင် ၇၀၀ တဲ့ သုပ်စားလို့ရတဲ့ အလုံးကြီးဆိုရင် တစ်လုံးကို ၂ ထောင်၊ ၃ထောင်ပေးရတယ်" လို့ အိမ်ရှင်မတစ်ဦးက ပြောပါတယ်။

အခုချိန်ဟာ သရက်သီးအနုများ စတင်ပေါ်ချိန်ဖြစ်ခြင်းကြောင့် ဈေးကောင်းရလေ့ရှိပြီး ခြံပိုင်ရှင်များကလည်း ခူးဆွတ်ရောင်းချကြလေ့ရှိသလို အပင်ပြတ်ဝယ်ယူသူများထံ ရောင်းချခြင်းများလည်းရှိကြောင်း သိရပါတယ်။

"သရက်အသီးကင်းက ဒီလိုပေါ်ကာစအချိန်ဆို ရောင်းရတယ်။ ဈေးကောင်းလည်းရတယ်။ နောက်ပိုင်း အသီးလှိုင်လှိုင်ပေါ်ချိန်ကျဈေးသိပ်မရတော့ဘူး။အခုချိန်ကတော့ဈေးကြီးလည်းဝယ်စားကြတာပဲ"လို့သရက်ကင်းရောင်းသူတစ်ဦးက ပြောပါတယ်။

**Source :** https://opinionleadersmedia.com/

## ညှော်မထဆန်(မနောသုခ)(ဟောင်း)(သစ်)၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)(သစ်)နှင့် ဆန်ကွဲB(2,3,4) ဖွဲနု ဈေးမြင့်တက်ကာဆန်ကွဲB(2,3,4) ဈေးများကျ၍ ဆန်ကွဲB(1,2) ဈေးတည်ငြိမ်

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ဆန်လက်ကျန်၊ စပါးလက်ကျန်အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၁၉.၁.၂၀၂၆ ရက်နေ့တွင် ညှော်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ် ၆၀,၀၀၀ကျပ်၊ ညှော်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၄၈၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် (ဟောင်း)တစ်အိတ် ၁၁၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၁၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2) တစ်အိတ် ၄၃,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၃၈၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၅၆၀ကျပ် တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၂၆.၁.၂၀၂၆ ရက်နေ့တွင် ညှော်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ကျပ်၊ ညှော်မထဆန် (မနောသုခ)(သစ်) တစ်အိတ် ၅၂,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၂၀,၀၀၀ကျပ်၊ ပေါ်ဆန်း မွှေးဆန်(သစ်)တစ်အိတ် ၁၁၅,၀၀၀

ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၃,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၂၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၅၀၀၀ ကျပ်၊ ဧည့်မထဆန် (မနောသုခ) (သစ်)တစ်အိတ် ၄၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်) တစ်အိတ် ၅၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ်၂၀၀ ကျပ် ဈေးများမြင့်တက်ကာ ဖွဲနုတစ်အိတ် ၃၆၀ ကျပ်ဈေးကျ၍ ဆန်ကွဲ B(2,3,4) ဈေးများ တည်ငြိမ်လျက်ရှိသည်။

ဧည့်မထဆန်(မနောသုခ)(ဟောင်း)(သစ်)၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)(သစ်)နှင့် ဆန်ကွဲB(2,3,4) ဖွဲနု ဈေးမြင့်တက်သွားခြင်းမှာ ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်သွားခြင်းဖြစ်ပြီး ဆန်ကွဲB(2,3,4) ဈေးများကျဆင်းသွားခြင်းမှာ ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ထံမှ သိရသည်။

Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## ရုံးပတီသီးစိုက်ပျိုး၍ တောင်သူအကျိုးအမြတ်ရရှိ



ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ် ကွင်းကလေးကျေးရွာတွင် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး အခြားဟင်းသီးဟင်းရွက် သီးနှံမျိုးစုံကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြသည်။

ဟင်းသီးဟင်းရွက်အမျိုးမျိုးစိုက်ပျိုးကြပြီး ရုံးပတီသီးကို မိသားစုအပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာ ကြကြောင်း သိရသည်။

မအူပင်မြို့နယ်တွင် အသီးအရွက်စိုက်ပျိုးသူပေါများ၍ ဟင်းသီး ဟင်းရွက်ဈေးနှုန်းများ သက်သာလျက်ရှိသည်။

ကွင်းကလေးကျေးရွာတွင် ရုံးပတီသီးနှံကို ရာသီမရွေးစိုက်ပျိုးပြီး စိုက်ပျိုးပြီး ၂ လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပင်မြင့်မျိုးများဖြစ်ပြီး အပင်ပု ရုံးပတီမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

စိုက်ပျိုးမှုအနေဖြင့် ၁ ဧက စိုက်ပျိုးပြီး တန်းခြား ၂ ပေ၊ ပင်ခြား ၁ ပေခွဲထား၍ ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁,၅၀၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ ၁ ဧကတွင် အပင်ရေ ၅ သောင်းကျော်ခန့် ရှိကြောင်း၊ ထွက်ရှိမှုအနေဖြင့် ရုံးပတီသီးကို တစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး တစ်ဧကလျှင် စုစုပေါင်း ရုံးပတီသီးအတောင့်ရေ ၁၅၀,၀၀၀ တောင့်ခန့် ထွက်ရှိကြောင်း၊ရုံးပတီသီးများကို မအူပင်မြို့နယ်တွင်ရောင်းချသလို ရန်ကုန်မြို့နှင့် အခြားတိုင်းဒေသကြီးအတွင်းမြို့နယ်များသို့လည်းရောင်းချကြောင်း သိရသည်။

မအူပင်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ၈တောင့်ပါ ၁ စည်းလျှင် ၅၀၀ကျပ်ဖြင့် လက်လီရောင်းချလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

စိုက်ပျိုးမှု အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၂ သိန်း ကျော်ခန့်ရရှိကြောင်း ရုံးပတီသီးသည် စိုက်ပျိုးရလွယ်ကူပြီး အကျိုးအမြတ်ရရှိသောကြောင့် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး စိုက်ပျိုးလျက်ရှိပြီး တောင်သူများအနေဖြင့် မိသားစု အပိုဝင်ငွေရရှိကြောင်း သိရသည်။

**Source : DOCA(ဧရာဝတီ)**

## အိန္ဒိယ၏ သကြားထုတ်လုပ်မှုသည် ဇန်နဝါရီလလယ်အထိကာလတွင် ၂၂ ရာခိုင်နှုန်းမြင့်တက်ကာ တန်ချိန် ၁၅ ဒသမ ၉ သန်းရှိလာဟု ISMA ထုတ်ပြန်

အိန္ဒိယနိုင်ငံ၏သကြားထုတ်လုပ်မှုသည် ၂၀၂၅-၂၀၂၆ ရာသီ၊ ဇန်နဝါရီလ ၁၅ ရက်နေ့အထိကာလတွင် ယခင်နှစ်ကာလတူထက် ၂၂ ရာခိုင်နှုန်းမြင့်တက်လာပြီး တန်ချိန် ၁၅ ဒသမ ၉ သန်းရှိလာကြောင်း အိန္ဒိယသကြားနှင့်ဇီဝစွမ်းအင်ထုတ်လုပ်သူများအသင်းဖြစ်သည့် ISMA က ပြောကြားခဲ့သည်။

ကြံကုန်ကြမ်းရရှိမှုပိုမိုများပြားလာခြင်းနှင့် အထွက်နှုန်းပိုမိုကောင်းမွန်လာခြင်းတို့ကြောင့် ယခုကဲ့သို့ထုတ်လုပ်မှုမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ် ကာလတူတွင် သကြားထုတ်လုပ်မှုမှာ တန်ချိန် ၁၃ သန်းသာရှိခဲ့ကြောင်း Indian Sugar & Bio-Energy Manufacturers Association(ISMA)၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သကြားထုတ်လုပ်မှုရာသီမှာ အောက်တိုဘာလမှ စက်တင်ဘာလအထိဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလက သကြားစက်ရုံ ၅၀၀ လည်ပတ်ခဲ့ရာမှ ယခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့အထိ လည်ပတ်နေသည့်သကြားစက်ရုံအရေအတွက်မှာ ၅၁၈ ရုံအထိ ရှိလာခဲ့ကြောင်း သိရသည်။

သကြားအများဆုံးထုတ်လုပ်သည့် မဟာရာရှ်ထရာပြည်နယ်(Maharashtra)တွင် ထုတ်လုပ်မှုမှာ ၅၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ယခင်နှစ်က ၄ ဒသမ ၂၇ သန်းတန်ရှိခဲ့ရာမှ ယခုအခါ ၆ ဒသမ ၄၅ သန်းတန်အထိရှိလာခဲ့ကြောင်း၊ အလားတူ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်(Uttar Pradesh)တွင်လည်း တန်ချိန် ၄ ဒသမ ၂၈ သန်းမှ ၄ ဒသမ ၆ သန်းထိတိုးတက်လာခဲ့ကြောင်းနှင့် ကာနာတာကာပြည်နယ်(Karnataka)၏ ထုတ်လုပ်မှုမှာ ယခင်နှစ်ကာလတူက ၂ ဒသမ ၇၅ သန်းတန်ရှိခဲ့ရာမှ ယခုနှစ်တွင် ၃ ဒသမ ၁ သန်းသို့ မြင့်တက်လာခဲ့ကြောင်း သိရသည်။

၂၀၂၅-၂၀၂၆ ရာသီအတွင်း အိန္ဒိယနိုင်ငံ၏သကြားကဏ္ဍသည် ကြံကုန်ကြမ်းလုံလောက်စွာရရှိခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားပိုမိုကောင်းမွန်လာခြင်းနှင့် အဓိကထုတ်လုပ်သည့်ဒေသများတွင် လုပ်ငန်းလည်ပတ်မှုများပိုမိုချောမွေ့လာခြင်းတို့ကြောင့် ယခုအချိန်အထိ တည်ငြိမ်သောတိုးတက်မှုများရှိနေပါကြောင်း၊ သို့သော်လည်း ကြံဈေးနှုန်းများမြင့်တက်လာခြင်းနှင့် သကြားရောင်းချမှုမှ ပြန်လည်ရရှိသည့်အကျိုးအမြတ်များ လျော့နည်းလာခြင်းတို့ကြောင့် သကြားစက်ရုံများ၏ ဘဏ္ဍာရေးအခြေအနေကို ကျပ်တည်းစေပြီး တောင်သူများအား ကြံဖိုးငွေပေးချေမှုများကို ကြန့်ကြာစေနိုင်ကြောင်း ISMA က သတိပေးပြောကြားထားသည်။

မဟာရာရှ်ထရာပြည်နယ်နှင့်ကာနာတာကာပြည်နယ်များရှိ သကြားစက်ရုံထွက်ဈေး (Ex-mill prices)များသည် တစ်ကွမ်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၃၅၅၀ ဝန်းကျင်အထိကျဆင်းသွားခဲ့ပြီး၊ ယင်းဈေးနှုန်းသည် ထုတ်လုပ်မှုကုန်ကျစရိတ်ထက် သိသိသာသာလျော့နည်းနေကြောင်း ISMA က ပြောကြားထားသည်။

သကြားထုတ်လုပ်မှုတိုးတက်လာပြီး ဈေးကွက်အတွင်းသကြားလက်ကျန်စာရင်းမြင့်တက်နေမှု များဆက်လက်ဖြစ်ပေါ်နေသောကြောင့် တောင်သူများအား ပေးချေရန်ကျန်ရှိသည့် ကြံဖိုးကြွေးကျန်များစတင်များပြားလာနေပါကြောင်းနှင့် ရှေ့တွင်လည်း ပိုမိုတိုးလာနိုင်သည့် အရိပ်အယောင်များရှိနေကြောင်း ISMA က ပြောကြားထားသည်။

ထို့ကြောင့် သကြားလုပ်ငန်းရှင်များအား ဘဏ္ဍာရေးအရ ပြန်လည်ရပ်တည်နိုင်စေရန်နှင့် တောင်သူများအား ငွေပေးချေမှုများ အချိန်မီဆောင်ရွက်နိုင်ရန်အတွက် သကြား၏အနိမ့်ဆုံးရည်ညွှန်းသတ်မှတ်ဈေးနှုန်း(MSP)ကို အမြန်ဆုံးပြန်လည်သုံးသပ် ပြင်ဆင်ပေးရန် ISMA က တောင်းဆိုထားကြောင်း သိရသည်။

**Source: India's sugar output jumps 22% to 15.9 million tonnes by mid January, ISMA, The Economic Times, January 20, 2026.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**


## ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၃၅ ကို အမေရိကန်နိုင်ငံ၌ လက်ခံကျင်းပလိုကြောင်း သမ္မတထရမ့်က ပြောကြားခဲ့

အမေရိကန်သမ္မတထရမ့်က "ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၃၅ (World Expo 2035)ကို အမေရိကန်နိုင်ငံ၌ လက်ခံကျင်းပခွင့်ရရှိရေးယှဉ်ပြိုင်သွားရန် ရည်ရွယ်ချက်ရှိသည်ဟု ကြေညာကြောင်း၊ အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါပြည်နယ်က ယင်းကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၃၅ ကိုလက်ခံကျင်းပရန်စိတ်ဝင်စားပြီး ယင်းသို့ကျင်းပခွင့်ရပါက အမေရိကန်နိုင်ငံရွှေခေတ်၏ မှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ဖလော်ရီဒါပြည်နယ်၊ မိုင်ယာမီမြို့ဇာတိ နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုအား ယင်းကုန်စည်ပြပွဲနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ရန်ခန့်အပ်ကြောင်း၊ ကုန်စည်ပြပွဲကျင်းပခြင်းကြောင့် အမေရိကန်နိုင်ငံ၌ အလုပ်အကိုင်များဖန်တီးနိုင်မည်ဖြစ်ကာ စီးပွားရေးတိုးတက်မှုတွင် ဒေါ်လာဘီလီယံပေါင်းများစွာ ထပ်ပေါင်းနိုင်မည်ဖြစ်ကြောင်း၊ ပထမအကြိမ်သမ္မတသက်တမ်းအတွင်း ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ဖလားပွဲ (2026 FIFA World Cup)နှင့် ၂၀၂၈ ခုနှစ်၊ လော့စ်အိန်ဂျယ်လစ် နွေရာသီအိုလံပစ်ပြိုင်ပွဲ(2028 LA Summer Olympics)တို့ကို အမေရိကန်နိုင်ငံ၌ ကျင်းပခွင့်ရရှိရေး ကြိုးပမ်းခဲ့ကြောင်းနှင့် အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက်သမ္မတအဖြစ် အမေရိကန်နိုင်ငံ နှစ် (၂၅၀)ပြည့်အထိမ်းအမှတ်(America 250) အခမ်းအနား၊ ဂျီ-၂၀ (G20 Doral) နှင့် ဂျီ-၇ (G7) အစည်းအဝေးတို့ကို လက်ခံကျင်းပခွင့်ရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း" ၎င်းပိုင်လူမှုကွန်ရက် "TruthSocial" ၌ ရေးသားဖော်ပြခဲ့သည်။

**Source: https://truthsocial.com/@realDonaldTrump/posts/115940444095244586**

**(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

## STOCK EXCHANGE (28.1.2026)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 28th Jan. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,892 (Shares) | 5,828,700 (MMK) |

Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +100 | +1.19% | 8,400 | 8,500 | 8,400 | 8 | 67,400 | 33,109,694 | 281,432 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,700 | 3,750 | 3,700 | 161 | 598,600 | 38,929,150 | 145,984 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,750 | 564 | 1,553,000 | 29,664,613 | 83,061 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 6 | 19,200 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,650 | 1,650 | 1,600 | 2,076 | 3,325,400 | 19,977,223 | 32,962 |
| AMATA | 00007 | 4,200 | +100 | +2.44% | 4,200 | 4,200 | 4,200 | 24 | 100,800 | 10,497,598 | 44,090 |
| MAEX | 00008 | 3,100 | +50 | +1.64% | 3,100 | 3,100 | 3,100 | 53 | 164,300 | 23,804,946 | 73,795 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 28th Jan. 2026

Today's summary

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 417.04 | +3.48 | +0.84% | 414.25 | 417.04 | 412.93 | 2,892 | 5,828,700 | 8 | 786,606 |

Index chart

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 28th Jan. 2026

| Trading Volume | Trading Value |
|---|---|
| 9,739 (Shares) | 24,773,700 (MMK) |

### Main Board

As of 1:00 p.m. 28th Jan. 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,892 (Shares) | 5,828,700 (MMK) |

| MYANPIX | 417.04 ▲ 3.48 |
|---|---|
| Total Volume (shares) | 2,892 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 786,606 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 100 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 2,800 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 50 |
| AMATA | 00007 | 4,200 | ▲ 100 |
| MAEX | 00008 | 3,100 | ▲ 50 |

TIR